**ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများ ပြည်ပသို့တင်ပို့ခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ပတ်ဝန်းကျင်ဆိုင်ရာ သဘောထားမှတ်ချက်တောင်းခံရာတွင် တင်ပြရမည့်အချက်အလက်များ**

၁။ မြန်မာနိုင်ငံသည် ၂၀၁၅ ခုနှစ်တွင် ဘေးအန္တရာယ်ဖြစ်စေသော စွန့်ပစ်ပစ္စည်းများနှင့် ၎င်းတို့၏ စွန့်ပစ်မှုအား နယ်စပ်ဖြတ်ကျော်သယ်ဆောင်ခြင်းကို ထိန်းချုပ်ခြင်းဆိုင်ရာ ဘာဆယ်ကွန်ဗင်းရှင်းသို့ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဘာဆယ်ကွန်ဗင်းရှင်းဆိုင်ရာ Focal Point အနေဖြင့် ဘာဆယ်ကွန်ဗင်းရှင်း၏ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာအကောင်အဖော်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် ဘာဆယ်ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများနှင့်အခြား စွန့်ပစ်ပစ္စည်းများ နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းကို ၇-၆-၂၀၂၃ ရက်စွဲပါအမိန့်ကြော်ငြာစာ အမှတ် (၇၄/၂၀၂၃) ဖြင့် အတည်ပြုထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများ ပြည်ပသို့ တင်ပို့ခြင်းဆိုင်ရာကိစ္စရပ် များကို အဆိုပါလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။

၂။ လုပ်ငန်းရှင်များအနေဖြင့် ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများ တင်ပို့ရန်အတွက် သဘောထားမှတ်ချက် တောင်းခံရာတွင် အောက်ဖော်ပြပါ အချက်အလက်များ ပြည့်စုံစွာ ပူးတွဲ၍ လျှောက်ထားရန် လိုအပ်ပါသည်-

(က) တင်ပို့ခြင်းအတွက် အကြောင်းပြချက်အသေးစိတ်ပါရှိသည့် ကုမ္ပဏီ၏လျှောက်လွှာ၊

( ခ ) တင်ပို့ရခြင်း၏ ရည်ရွယ်ချက်၊ တင်ပို့လိုသည့်ပမာဏ၊ တင်ပို့မည့်အချိန် ကာလသတ်မှတ်ချက်၊ တင်ပို့မည့်နိုင်ငံ၊ တင်ပို့မည့် လမ်းကြောင်း၊

( ဂ ) တင်ပို့မည့်ကုန်ပစ္စည်းများနှင့်ပတ်သက်၍ အသေးစိတ်ဖော်ပြချက်များ (Specification)၊ နှင့် တင်ပို့မည့်ကုန်ပစ္စည်းများ၏ ကြည်လင်ပြတ်သားသည့် ဓာတ်ပုံမှတ်တမ်းများ၊

(ဃ) ကုမ္ပဏီဆိုင်ရာအချက်အလက်များနှင့် တင်ပို့မည့်ပစ္စည်းများအား ဝယ်ယူသိုလှောင်သည့် လုပ်ငန်း(သို့မဟုတ်) Recycle ပြုလုပ်သည့် လုပ်ငန်းဆိုင်ရာ ဆက်စပ်ဌာနများ၏ လိုင်စင်၊ မှတ်ပုံတင်နှင့်ခွင့်ပြုချက်များ၊

( င ) ငွေကြေးပိုင်းဆိုင်ရာ အာမခံလက်မှတ်

( စ ) ဝယ်ယူမည့်တစ်ဖက်နိုင်ငံရှိ ကုမ္ပဏီနှင့် ချုပ်ဆိုထားသည့် အရောင်းအဝယ်သဘော တူညီချက်စာချုပ်၊

(ဆ) ဝယ်ယူမည့်တစ်ဖက်နိုင်ငံရှိကုမ္ပဏီမှ စွန့်ပစ်ပစ္စည်းများအား စီမံခန့်ခွဲမည့်နည်းလမ်း

(ဇ) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ရေးဆွဲထားသော ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အစီရင်ခံစာ (သို့မဟုတ်) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာ (သို့မဟုတ်) ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (EMP) အပေါ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ အတည်ပြုချက် (Approval Letter) (သို့မဟုတ်) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် (ECC)။

၃။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် လုပ်ငန်းရှင်မှတင်ပြလာသော အချက်အလက်များအပေါ် စိစစ်ပြီး ပြည့်စုံမှုရှိပါက ပြည်ထောင်စုဝန်ကြီးရုံး၏ခွင့်ပြုချက်ရယူ၍ ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများနှင့်အခြားစွန့်ပစ်ပစ္စည်းများ နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ အောက်ဖော်ပြပါ အချက်အလက်များ ပြည့်စုံစွာဖြင့် တစ်ဖက်နိုင်ငံရှိ ဘာဆယ်ကွန်ဗင်းရှင်း Competent Authority ထံသို့ ကြိုတင်အသိပေးအကြောင်းကြားခြင်း (Prior Inform Consent) ဆောင်ရွက်မည် ဖြစ်ပါသည်-

(က) အသိပေးအကြောင်းကြားစာ

(ခ) တင်ပို့ရခြင်း၏ ရည်ရွယ်ချက်

(ဂ) ငွေကြေးပိုင်းဆိုင်ရာ အာမခံလက်မှတ်

(ဃ) အရောင်းအဝယ်စာချုပ်

(င) စွန့်ပစ်ပစ္စည်းများအား စီမံခန့်ခွဲမည့် နည်းလမ်း

(စ) ပို့ကုန်လိုင်စင်

၄။ တစ်ဖက်နိုင်ငံရှိ ဘာဆယ်ကွန်ဗင်းရှင်း Competent Authority ထံမှ တင်ပို့မည့်ပစ္စည်းများအား တင်ပို့ခွင့်ပြုကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ ပြန်ကြားစာပေးပို့မှသာ ဘာဆယ်ကွန်ဗင်းရှင်း၏ သတ်မှတ်ချက်များနှင့်အညီတင်ပို့ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လုပ်ငန်းရှင်သို့ ပတ်ဝန်းကျင်ဆိုင်ရာ သဘောထားမှတ်ချက် ပြန်ကြားမည်ဖြစ်ပါသည်။